


ဂိန္နရီလာဝဦ
မင်းမြတ်သူရ
လနတ်သမီး
ပန်းချီ
ဇမ္ဗူမင်း




J






ဒါဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်ကယိုးဒယားဝိုက် ဆိုတဲ့ပင်လယ်ဓားပြကြီး ရဲ့ချစ်သူကိုမြှုပ်နှံထား တဲ့အုတ်ဂူကွ...
ဝိုက်ဟာ ချစ်သူသေဆုံးသွားတဲ့ အတွက်ဝမ်းနည်းကြေကွဲ လွန်းလို့ရူးမတတ်ဖြစ်သွား တယ်လို့ပြောကြတယ်.. သူ့နာမည်အရင်းက ဆင်မြူရယ်ဝိုက်..
အင်္ဂလိပ်လူမျိုးပဲ သူ့ကိုယိုးဒယားဘုရင်က သဘောကျပြီးမြိတ်မြို့မှာဆိပ် ကမ်းမင်းကြီးချုပ်ခန့်လိုက်လို့ မြန်မာတွေကသူ့ကိုယိုးဒ ယားဝိုက်လို့ခေါ်ကြတာ.. လူစွန့်စားကြီးတစ် ယောက်ပဲ...




2


ဆင်မြူရယ်ဝိုက်၏ဓားပြတိုက်မှု
သတင်းကားမြိတ်မြို့၏ကုန်စည်
ကူးသန်းမှုနှင့်ပင်လယ်ထွက်ပေါက်
အားအကြီးအကျယ်ခြိမ်းခြောက်
နေသည့်ကြားက..မြန်မာတပ်များ
ရေကြောင်းကုန်းကြောင်းချီလာပြီ
ဆိုသောသတင်းကြောင့်..




မြိတ်မြို့၏အချုပ်အချာဖြစ်သော ယိုးဒယားဘုရင်ခံ..ဘာနာတီ..ဆောက်တည်ရာမရတုန်လှုပ်သွားခဲ့သည်.. ထို့ကြောင့်ဘုရင်ခံကိုယ်တိုင်ဆင့်ခေါ်သော..အရေးညီလာခံကျင်းပရတော့၏..
နှစ်ပေါင်းရာနဲ့ချီပြီးကျုပ်တို့အုပ်ချုပ်ခဲ့တာတောင်..သင်းတို့ကမမေ့သေးဘူးကိုး
ကျေနပ်၍စွန့်ခဲ့ခြင်းမဟုတ်ပါ..အစဉ်အဆက်ပညာရှိအမတ်များကလည်းတစ်ချိန်ချိန်မှာမြန်မာတွေသူတို့မြေကို..သူတို့ပြန်ရယူလိမ့်မည်လို့..စကားတစ်ဆင့်ကမ်းခဲ့ဖူးပါတယ်..ယခုတပ်မဟာကြီးချီ၍ရောက်နေပါပြီ..
အမှန်တကယ်ပါပဲ..အရှင်..မြန်မာတွေဟာသူတို့မြေကိုနှစ်ပေါင်းထောင်ချီကြာအောင်စွန့်လွှတ်ထားလည်းမမေ့ပါဘူး..၁၄ရာစုလောက်ကတည်းကကျွန်ုပ်တို့သိမ်းပိုက်ခဲ့တာကို..
ကောင်းပြီ..ဒါတွေပြန်ပြောလို့မပြီးဘူး..ကျုပ်တို့အခုဘာလုပ်ကြမလဲ..


ကျွန်ုပ်မှာ အကြံအစည်ကောင်း တစ်ခုရှိပါတယ်.. အရှင့်..
ကောင်းပြီ.. ပြောစမ်းအမတ်ကြီး ဘာလဲ..
ကျွန်ုပ်တို့..မြန်မာ မြေပေါ်မင်းမူနေထိုင်တဲ့အ တွက်..မြန်မာ့ဆိုရိုးစကားကို အသုံးချသင့်ပါတယ်.. သူခိုး ဘဏ္ဍာစိုးအပ်ဆိုတဲ့စကားပါ
ယခုအခါ..ကျွန်ုပ်တို့ ရေပိုင်နက်မှာ..ဆင်မြူရယ်ဝှိုက် လို့ခေါ်တဲ့ဓားပြကြီးမင်းမူနေပါ တယ်..ကျွန်ုပ်တို့ရေတပ်အင် အားတောင်သူ့ကိုမယှဉ်နိုင် အောင်ထက်မြက်တယ်
သူဟာမြန်မာ ရေကြောင်းချီတပ်ကိုကောင်း စွာဦးနှိမ်နိုင်တဲ့သူလို့ကျွန်ုပ် ယုံကြည်ပါတယ်..အကယ်၍ ဆင်မြူရယ်ဝှိုက်ကိုမြိတ်မြို့ရဲ့ အကြီးဆုံးရာထူးတစ်ခု..
အပ်နှင်းလိုက်ရင် မြန်မာတပ်ကိုရင်ဆိုင်ရာမှာ ဆင်မြူရယ်ဝှိုက်ပါနေတဲ့အတွက် သေချာပေါက်အောင်နိုင်မယ် လို့ယုံကြည်ပါတယ် အရှင်..




အိမ်း..မဆိုးဘူး
ဒါနဲ့ဆင်မြူရယ်ဝိုက်ဟာ
ဘယ်လိုလူစားလဲ..ဘာမှ
အသိဉာဏ်မရှိတဲ့သာမန်
ဓားပြလား..
မဟုတ်ပါ..
ကျွန်ုပ်စုံစမ်းသိရှိရသလောက်
သူဟာ..အင်္ဂလန်နိုင်ငံဘရစ်စတိုး
ကုန်သည်မျိုးရိုးပါ..မာကိုပိုလိုရဲ့
ခရီးသွားမှတ်တမ်းတွေဖတ်ပြီး..
အရှေ့တိုင်းနိုင်ငံတွေဆီ..စွန့်
စွန့်စားစားသွားလာချင်
တဲ့စိတ်ကြောင့်..
ပင်လယ်ရေကြောင်း
အတတ်ပညာကိုသင်ခဲ့လူဖြစ်
ပါတယ်..ပင်လယ်ဓားပြလုပ်ဖို့မူလ
ကရည်ရွယ်ချက်မရှိပေမယ့်..ခရီး
သွားရင်းဖူးစာဆုံခဲ့တဲ့သူ့ရဲ့ဇနီး
မေရီပိုတေးဟာတစ်ပါးသူ
နဲ့စေ့စပ်ထားသူပါ..
ဒါကို..သူတို့
နှစ်ယောက်အချစ်ဖွဲ့ကြီးကြီးနဲ့
ရအောင်ပေါင်းသင်းပြီးရှောင်တိမ်း
နေထိုင်ရင်းပင်လယ်ဓားပြဖြစ်လာ
ခဲ့ပါတယ်..သူ့ရဲ့စွန့်စားလိုတဲ့
ပင်ကိုယ်ဗီဇသတ္တိနဲ့တိုက်ရည်
ခိုက်ရည်ကြံရည်ဖန်ရည်
ကောင်းမှုကြောင့်..
ခုလောက်နာမည်ကြီးဓားပြ
ဖြစ်လာတယ်ဆိုတာယုံမှား
သံသယရှိစရာမလိုပါဘူး
အရှင်..


ထို့နောက်..ဘုရင်ခံဘာနာတီသည်..
ဆင်မြူရှယ်ပွိုက်အားသိမ်းသွင်းဖို့
ညီလာခံတွင်ဆုံးဖြတ်ကာသံအဖွဲ့
လွှတ်၍ဖိတ်ကြားလေတော့၏..
ဘုရင်ခံ၏ဖိတ်ကြားမှုနှင့်စားပြသဘော်
မြိတ်မြို့ဆိပ်ကမ်းဆီဆိုက်ကပ်၍တစ်မြို့
လုံးအုံ့ဩနဘန်းဖြစ်ကုန်သည်..


၁၂
ဘုရင်ခံသည်ဆင်မြူရှယ်ပွိုက်အား..ဝမ်းသာအားရ
ကြိုဆိုကာ..မင်းခမ်းမင်းနားနှင့်ညှော်ခံကျွေးမွေး၍..
မြိတ်မြို့ဆိပ်ကမ်းမင်းကြီးချုပ်ရာထူးခန့်အပ်လျက်..
မြို့ပေါက်..ရွာပေါက်ကျေညာစေလေသည်..


သည်နောက်ဆင်မြူ ရယ်ပိုက်တို့ဇနီး မောင်နှံအား.. အဆောင်အယောင် များနှင့်မြိတ်မြို့တွင် ခမ်းနားကြီးမြတ်စွာ နေစေသည်..
မယုံကြည်နိုင်စရာအခွင့်ထူးကြီးကြောင့် ဆင်မြူရယ်ပိုက်..ပျော်မဆုံးမောမဆုံးဖြစ်နေ စဉ်..သူ၏လက်ရုံးတပည့်..စမစ်.ရောက်လာ ကာ..
ခေါင်းဆောင်ကြီးခင်ဗျာ.. မြိတ်မြို့ကိုလုပ်ကြံသိမ်းပိုက်ဖို့ မြန်မာတပ်မကြီးရေကြောင်း ကုန်းကြောင်းချီလာပါပြီ..
ခေါင်းဆောင်ကြီး ကဒီမြို့ရဲ့အကြီးဆုံး ရာထူးရရှိထားတဲ့အတွက် မြို့ရဲ့လုံခြုံစိမ်မှုဟာ.. ခေါင်းဆောင်ကြီးမှာ တာဝန်ရှိတယ်လို့ပြောပါ တယ်..
ဟင်..တောက်.. ဒါ..သက်သက်လူလည် ကျတာပဲကွ..
ဘာကွ ဟိုဘုရင်ခံ ဘာနဝတိရဲ့ တပ်တွေဘာလုပ် နေကြတာလဲ..


ပါးရည်နပ်ရည်ရှိလှသောဆင်မြူရယ် ဝိုက်ဟာအခြေအနေကိုချက်ချင်းသုံး သပ်ပြီး...သူ၏တပည့်တပန်းများအား ညွှန်ကြားလေ၏..
သေချာနားထောင်စမ်း စမစ်..ဒီပြဿနာဟာသူတို့နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ကိစ္စပဲ.. သူတို့မနိုင်လို့ငါ့ကိုလူမိုက်ငှား တာ..ဒီအတွက်ဘာမှအပင် ပန်းခံနေစရာမလိုဘူး..
မြန်မာတပ်တွေဆီ သံတမန်လွှတ်..မြို့လိုချင်ရင် မြို့ပေးမယ်လို့ပြော..ငါတို့ရည် ရွယ်ချက်ကစီးပွားရှာတာ၊ စစ် တိုက်တာမဟုတ်ဘူး... ကဲ..ပြောတဲ့အတိုင်းလုပ်..


ဆင်မြူရယ်ဝှိုက်၏လိမ္မာပါးနပ်မှုကြောင့်..မြန်မာတို့မြိတ်မြို့အားကြက်ငှက်ဖမ်းသလိုအလွယ်တကူသိမ်းပိုက်နိုင်ခဲ့ပြီ..
ဆင်မြူရယ်ဝှိုက်ကိုလည်းမူလရာထူးနှင့်မြန်မာမင်းသြဇာခံအဖြစ်အပ်နှင်းထားခဲ့လေသည်..
ထိုအချိန်မှစ၍..ဒေသခံများအပေါ်ယိုးဒယားဝှိုက်(ခေါ်)ဆင်မြူရယ်ဝှိုက်ကားတရိပ်ရိပ်တန်ခိုးထွားလာပြီးအတောမသတ်နိုင်သည့်လောဘနှင့်စီးပွားရှာတော့၏..
၁၅


ဒေသခံတိုင်းရင်းသားအပေါ် နည်းမျိုးစုံဂုတ်သွေးစုတ်၍ချယ်လှယ်ရုံမျှမက အခွန်အထုပ်ကိုစွကိုဖြတ်စားသည့်အပြင်..သူ၏မူလလုပ်ငန်းဖြစ်သော ပင်လယ်ဓားပြတိုက်ခြင်းအားတံခါးမရှိဓားမရှိတွင်ကျယ်စွာလုပ်ကိုင်စိုးမိုး နေလေတော့သည်..
ထို့ကြောင့်လည်း... (၁၀)နှစ်တာကာလ အတွင်းယိုးဒယားဝိုက် တွင်ရေတွက်လို့မကုန် အောင်များပြားလှ သောအဖိုးတန် ကျောက်မျက်ရတနာများ စုဆောင်းရရှိလာခဲ့သည်..


မြိတ်မြို့နှင့်တနင်္သာရီဒေသရှိ..
တိုင်းရင်းသားပြည်သူများမှာလည်း
ယိုးဒယားပိုက်၏အနိုင်ကျင့်ဗိုလ်ကျ
စိုးမိုးမှုကိုမခံနိုင်တော့သဖြင့်လက်နက်
လူသူစုဆောင်းကာပုန်ကန်ထကြွလာ
ကြသည်..
သည်နောက်..အောက်မြန်မာနိုင်ငံတစ်ခုလုံး
ဗြိတိသျှနယ်ချဲ့လက်အောက်သို့ကျရောက်
ခဲ့ရသည့်အပြင်..ဗြိတိသျှအစိုးရ၏အုပ်ချုပ်
မှုအာဏာစက်နှင့်ကင်းကွာနေသောမြိတ်မြို့မှာ..
ယိုးဒယားပိုက်၏ဝိသမလောဘ
အောင်မြေအဖြစ်ဘုန်းသမ္ဘာတက်
ချင်တိုင်းတက်နေလေသည်..


ထို့ပြင်..ယိုးဒယားဂိုက်တို့ပင်လယ်ဓားပြတိုက်သော သင်္ဘောများတွင်..
အရှေ့အိန္ဒိယကုမ္ပဏီပိုင်သင်္ဘောတွေပါပါဝင်နေသဖြင့်အင်္ဂလန်ဘုရင်မင်းမြတ်က
ယိုးဒယားဂိုက်ကိုဖမ်းဆီးတရားစွဲဆိုရန်ကပ္ပတိန်ဝဲလ်ဒင်း..ဦးဆောင်သော
အင်္ဂလိပ်စစ်သင်္ဘောနှစ်စီးအားမြိတ်မြို့သို့စေလွှတ်လိုက်တော့သည်..
ယိုးဒယားဂိုက်ကား..ဇနီးသည်အတွက်
ပူဆွေးသောကဖိစီးမှုအပေါ်သူ၏
လုပ်ရပ်၏တန်ပြန်မှုများဖိစီးလာသည့်
အတွက်..အရှုံးမီးဝိုင်းခံရသည့်နှယ်...
၁၈


သို့တိုင်..ယိုးဒယားဝိုက်သည်သူ၏
အသက်ရှုပေါက်တစ်ပေါက်ကိုရ
အောင်ဖန်တီးနိုင်ခဲ့သည်..သူ့အား
ဖမ်းဆီးရန်ရောက်လာသောကပ္ပတိန်
ဝဲလ်ဒင်းအားကျောက်သံပတ္တမြားများ
သင်္ဘောတစ်ဦးတိုက်ပေးမည်ဟု
စည်းရုံးသိမ်းသွင်းကာပြဿနာတစ်
ခြမ်းကိုအေးအောင်ထိန်းထားနိုင်ခဲ့သည်..
မည်သို့မျှထိန်းထား၍မရနိုင်မအေး
နိုင်သလိုတနင်္သာရီဒေသတစ်ခုလုံး..
ဟုန်းဟုန်းကျတောက်လောင်ခဲ့သော
ပြဿနာကား..တိုင်းရင်းသားပြည်သူ
တို့၏တော်လှန်အုံကြွမှုကြီးပင်တည်း..
မတရားဖိနှိပ်ချုပ်ချယ်မှု..ခေါင်းပုံဖြတ်
နှိပ်စက်ကာညှဉ်းပန်းမှုအာဏာစက်ဆိုးကြီး
အားအပြီးတိုင်တွန်းလှန်ပစ်ဖို့ရည်သန်
ကာ..
မြန်မာတိုင်းရင်းသားတို့၏တော်လှန်
ပုန်ကန်မှုကြီးတစ်ခု..မြိတ်မြို့တွင်းမှ
အုံးခနဲပွင့်ထွက်လာတော့၏..


တော်လှန်ရေးကြီးပေါ်ပေါက်ရန်
သိနှင့်နေသော်လည်း..ဤသို့မင်းစိုက်
ရုံးစိုက်မြို့ပေါ်မှာရုတ်တရက်ကြီးဖြစ်
လာလိမ့်မည်ဟုကြိုတင်မတွက်ဆမိ
သဖြင့်..ယိုးဒယားပိုက်၏ဘက်တော်
သားများအလစ်အငိုက်ခံလိုက်ရကာ
အရှုံးကြီးရှုံးတော့သည်...
ဟေ့..မျက်နှာဖြူတွေကိုတစ်ယောက်မှ အလွတ်မပေးနဲ့ တိုက်ကြ!
မြန်မာတော်လှန်ရေးအဖွဲ့များ..
ယိုးဒယားပိုက်၏စံအိမ်ကိုစီးနင်းပြီး
နောက်ယိုးဒယားပိုက်ပိုင်ဆိုင်သော..
ဆိပ်ကမ်းနှင့်သင်္ဘောများပါဆက်လက်
စီးနင်းတိုက်ခိုက်ပစ်ကြသည်..


ယိုးဒယားဂိုက်လည်းကပ္ပတိန်ဝဲလ်ဒင်းတို့ရောက်ရှိလာစဉ်ကတည်းက..သူ၏ရတနာသေတ္တာများနှင့်ထွက်ပြေးနိုင်ရန်ကြိုတင်၍လျှို့ဝှက်စီစဉ်ထားသောသင်္ဘောဆီအသက်လုပြေးခဲ့ရသည်..ပြေးလွှားရင်းနှင့်ဝဲလ်ဒင်းအသက်ကိုကယ်တင်လာခဲ့ရလေသည်...
သူ၏ဝိသမအောင်မြေမြိတ်မြို့၏ဆိပ်ကမ်းကားမီးတောက်မီးလျှံများနှင့်ကမ္ဘာပျက်တမျှဆူညံပွက်ထကာကျန်ရစ်ခဲ့ရသည်..


သင်္ဘောပေါ်တွင်ဝဲလ်ဒင်းပါလာသဖြင့်.. သူ၏ရတနာသေတ္တာများအားကျွန်း တစ်ကျွန်းတွင်ဝင်ကပ်၍လျှို့ဝှက်စွာ မြှုပ်နှံကာပင်လယ်ခရီးကိုဆက်ခဲ့၏..
နေရစ်ခဲ့တော့ဝဲလ်ဒင်း ရေ..အင်္ဂလန်ရောက်မှဘုရင် မင်းမြတ်ကိုပဏ္ဏာဆက်ပြီး..မင်းတို့ အရှေ့အိန္ဒိယကုမ္ပဏီကိုပြန် တရားစွဲပစ်မယ်ကွ..
အိန္ဒိယနိုင်ငံ..မဒရပ်မြို့သို့ဆိုက်ကပ် သည်နှင့်ကပ္ပတိန်ဝဲလ်ဒင်းအားလှည့်စား၍ ချန်ထားရစ်ခဲ့ကာအင်္ဂလန်သို့ဆက်လက် ခုတ်မောင်းသွားလေတော့သည်...


မည်သို့ဆိုစေ..အောင်လံ၏ အိမ်အပြန်
လမ်းတစ်လျှောက်စိတ်ကူးများတွင်
မှာတော့..ယိုးဒယားဝိုက်၏စွန့်စားခန်း
များကိုအားကျနေသည်မှာအမှန်ပင်
ဖြစ်တော့၏..
အင်း..ဦးဂျော်နီ
ပြောပြခဲ့တဲ့အတိုင်းဆိုရင်..ဒီ
ယိုးဒယားဝိုက်ဆိုတဲ့ပင်လယ်ဓား
ပြလူစွန့်စားကြီးဟာ..ကြံရည်
ဖန်ရည်ကောင်းသလောက်
ယုတ်မာကောက်ကျစ်တဲ့
သူပဲ..
သူလိုအစွမ်းထက်လှတဲ့
အရည်အချင်းမျိုးကိုကောင်းမွန်
မြင့်မြတ်တဲ့အလုပ်မျိုးမှာအသုံးချ
သွားရင်..ဘယ်လောက်များ
ကောင်းလိုက်မလဲနော်..
နေတောင်ဝင်
ပြီ..ငါလည်းပြန်
မှပဲ..


မီးရောင်အောက်ငုတ်တုတ်ထိုင်စောင့်နေပုံ ကြည့်ခြင်းဖြင့်..ဒီနေ့မှအိမ်ပြန်နောက်ကျနေ သောသူ့ကိုစိတ်ပူနေတာပဲဖြစ်ရမည်ဟုအောင်လံ တွေးမိကာခြေလှမ်းတွေကိုသွက်လိုက်သည်..
အဒေါ်.. ကျွန်တော်ပြန် လာပြီနော်..
မိဘများဆုံးပါးသွားပြီးကတည်းက သူ့အားမိဘသဖွယ်စောင့်ရှောက် လာခဲ့သောအဒေါ်အပျိုကြီးကို ကရုဏာသက်သာစွာဖြင့်အိမ်အဝကပင် လှမ်းနှုတ်ဆက်မိသည်..
၂၄
ဟဲ့ အောင်လံ.. နောက်ကျလိုက်တာ ဘယ်ဝင်နေတာ လဲ..



သူ..အဒေါ့်ဘေးနားဝင်
ထိုင်ဖို့ပြင်ရင်း..မှန်အိမ်
မီးစာကိုအနည်းငယ်
ထပ်တင်လိုက်ကာ..
ဘယ်မှမဝင်ပါ
ဘူးအဒေါ်..ဦးကျော်နီ
ဆီကရှေးဟောင်းနှောင်း
ဖြစ်အကြောင်းတွေနား
ထောင်နေလို့နောက်
ကျသွားတာပါ..
စကားစဖြတ်၍ထိုင်ချလိုက်ပြီးအဒေါ့်မျက်နှာကို
ငေးကြည့်သည်..မှန်အိမ်မီးရောင်အောက်မှာ..
အဒေါ့်မျက်နှာသည်..အသက်(၅၀)လို့တောင်
မထင်ရအောင်လှသွေးဆင်နေသေးသဖြင့်..သူ..
စနောက်ဖို့စဉ်းစားခိုက်..
ငါ..ယောကျ်ား
ယူတော့မယ်..
အောင်လံ..


ဒီအရွယ်ကြီး ရောက်မှအဒေါ်ရယ် နေပါဦးဘယ်သူ နဲ့တုန်း..
သူဌေးဦးရွှေ တလုပ်နဲ့လေ..အဟီး ဟီး..သူလည်းလူပျို ငါလည်းအပျိုဆို တော့..
ဟာ.. ဦးရွှေတလုပ်က လူပျိုမစစ်ဘူး ထင်တယ်နော်..
အဲဒါနင့်အလုပ် မဟုတ်ပါဘူး..သူနဲ့ ငါလက်ထပ်လိုက်ရင် ချမ်းသာပြီ..နင်လည်း ငါနဲ့လိုက်နေရ မယ်..
ဂွတ်တယ် ထင်ရင်..ဒူးသာ ဒူးတော့အဒေါ် ရေ..


မင်္ဂလာပွဲကြွရောက်ချီးမြှင့်သူများအား
မင်္ဂလာမောင်နှံမှ..ပုဝါတစ်စနှင့်ပဒုမ္မာ
ပိတ်စပြန်လည်ချီးမြှင့်ပြီး..ကြက်သား
ဒံပေါက်ကျွေးမည်ဆိုသဖြင့်မြိတ်မြို့
တစ်မြို့လုံးစိတ်ဝင်စားကြသည်..
ဟဲ့ကောင်လေး..
နင်ဒီနေ့ကစပြီးတဲပေါ်က
နေ့တိုက်ပေါ်ရောက်ပြီ..နင့်
ကလေကဝအချိုးတွေပြင်ပြီး
ပွဲရုံလုပ်ငန်းတတ်အောင်သင်
စမ်းကြားလား..အစ်ကို့
ကိုလည်းညီမအပ်ပါတယ်..
အောင်လံတို့တူဝရီး
မှာမင်္ဂလာအခမ်း
အနားပြင်ဆင်မှုမတိုင်
မီရက်ကပင်ဦးရွှေတလုပ်
၏အိမ်ဂေဟာကြီးဆီသို့
အပြီးတိုင်ပြောင်းရွှေ့
လာခဲ့ပြီးဖြစ်သည်..
ထို့ပြင်..အခမ်းအနားပြင်ဆင်မှု
ကိုကြိုတင်ကြည့်ရှုနိုင်ရန်ပြတိုက်
သဖွယ်ဝင်ခွင့်ပြုထားလေသည်..
မလိမ္မာတာ
ရှိရင်..ရိုက်ဆုံး
မပါ..နော်
စိတ်ချ..
အစ်ကိုနဲ့တွေ့ရင်
ဒီကောင်လိမ္မာ
သွားစေရမယ်..


ထို့နောက်များပြားလှသော
စည်းကမ်းချက်များချမှတ်
လေတော့၏..
မင်းလည်း
ငါ့လို့ပဲ..ဘုရား
တရားလိုက်စားသူ
ဖြစ်ရမယ်ကြား
လား..
၂၈
ထိုသို့ပြောဆိုပြီး
စာရွက်နှင့်ရေးထား
သောစည်းကမ်းချက်
များနှင့်ဘုရားစာအုပ်
များချပေးပြီးအလွတ်
ကျက်ခိုင်းလေတော့၏..
အောင်လံစိတ်ညစ်ရချေပြီ။


ကြီးကျယ်ခမ်းနားလှသောအိမ်ခြံဝင်းကြီးတစ်ခုလုံး..မင်္ဂလာအခမ်းအနားအတွက်တပျော်တပါးပြင်ဆင်နေကြသည်..
သူကတော့..ထိုပျော်ရွှင်မှုများနှင့်ဘာမျှမဆိုင်သလိုစိတ်ပျက်ညည်းညူကာအထီးကျန်ဆန်ခဲ့သည်..


ဒီခေတ်..ဒီကာလနိုင်ငံခြားသား
ကုန်သည်များနှင့်အဆက်အဆံ
ရှိသောသူဌေးများတွင်..ဒီလိုအ
ရက်ချက်သောတိုက်များရှိကြောင်း
ကြားဖူးနားဝရှိ၍..သူ့အတွက်
သိပ်မထူးဆန်းလှပါ..